# ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ

သေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း နှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် အကာအကွယ်ပေးသော အာမခံအမျိုးအစား ဖြစ်ပါသည်။

အာမခံထားနိုင်သူ - အသက် (၁၈) နှစ်မှ (၇၅) နှစ်အထိ။
အာမခံသက်တမ်း - (၁) နှစ်။
အာမခံထားငွေ - အနည်းဆုံး ကျပ် (၁) သိန်း မှ အများဆုံး ကျပ် သိန်း (၂၀၀) အထိ။
ပရီမီယံနှုန်း - အာမခံထားသူ၏ အသက်နှင့် အာမခံထားငွေပေါ်မူတည်၍ ပရီမီယံနှုန်းကို တွက်ချက်ပါသည်။

**(အာမခံထားငွေ ၁၀ သိန်း ကျပ်) အတွက် ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံပရီမီယံနှုန်း**

| အသက် | ပရီမီယံနှုန်းထား | အသက် | ပရီမီယံနှုန်းထား | အသက် | ပရီမီယံနှုန်းထား | အသက် | ပရီမီယံနှုန်းထား |
|---|---|---|---|---|---|---|---|
| 18-27 | 6,000 | 49 | 15,000 | 59 | 28,000 | 68 | 63,000 |
| 28-30 | 7,000 | 50-51 | 16,000 | 60 | 31,000 | 69 | 70,000 |
| 31-34 | 8,000 | 52 | 17,000 | 61 | 33,000 | 70 | 77,000 |
| 35-37 | 9,000 | 53 | 18,000 | 62 | 36,000 | 71 | 84,000 |
| 38-40 | 10,000 | 54 | 19,000 | 63 | 40,000 | 72 | 91,000 |
| 41-42 | 11,000 | 55 | 21,000 | 64 | 44,000 | 73 | 102,000 |
| 43-45 | 12,000 | 56 | 22,000 | 65 | 48,000 | 74 | 112,000 |
| 46-47 | 13,000 | 57 | 23,000 | 66 | 52,000 | 75 | 123,000 |
| 48 | 14,000 | 58 | 25,000 | 67 | 56,000 | | |

ပြည်သူပြည်သားနှစ်ချင်း အသက်အာမခံထားရှိခြင်းဖြင့် ရရှိနိုင်သောအကျိုးခံစားခွင့်များမှာ

| | အသက် (၁၈) နှစ်မှ အသက် (၆၀) နှစ် | အသက် (၆၁) နှစ်မှ အသက် (၇၅) နှစ် |
|---|---|---|
| မျက်စိတစ်ဖက်လုံးဝကွယ်ခြင်း | ၅၀ % | ၅၀ % |
| လက်တစ်ဖက်လုံးဝပြတ်ခြင်း | ၅၀ % | ၅၀ % |
| ခြေတစ်ဖက်လုံးဝပြတ်ခြင်း | ၅၀ % | ၅၀ % |
| နားတစ်ဖက်လုံးဝပင်းခြင်း | ၂၅ % | ၂၅ % |
| လက်တစ်ဖက်ကျိုးခြင်း | ၁၀ % | ၅ % |
| ခြေတစ်ဖက်ကျိုးခြင်း | ၁၀ % | ၅ % |

**သေဆုံးခြင်း**

အာမခံသက်တမ်းအတွင်း သေဆုံးပါက အာမခံထားငွေကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသူထံ ထုတ်ပေးပါမည်။

**စည်းကမ်းချက်များ**

- အာမခံထားသူ၏ အသက် (၁၈) နှစ်မှ (၆၀) နှစ် အာမခံထားငွေ ကျပ်သိန်း (၅၀) အထက် နှင့် အသက်(၆၁) နှစ်မှ (၇၅) နှစ် အာမခံထားငွေ ကျပ်သိန်း(၃၀) အထက် အာမခံထားသူများ ဆေးစစ်ရပါမည်။
- (၁) နှစ် အတွက် ကျသင့်ပရီမီယံကို တစ်ကြိမ်တည်း ပေးသွင်းရပါမည်။

**အကျိုးခံစားခွင့် မရရှိနိုင်သည့်ကိစ္စများ**

အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စရပ်တစ်ခုခုကြောင့် သေဆုံးပါက သေဆုံးမှု အကျိုးခံစားခွင့်ကို မပေးချေပါ။

(က) မိမိကိုယ်ကို သတ်သေခြင်း။
(ခ) ပေါ်လီစီရှင်၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း။
(ဂ) အာမခံထားသူက ရာဇဝတ်မှုကျူးလွန်ခြင်း၊ ဥပဒေချိုးဖောက်ခြင်း။
(ဃ) သေဆုံးမှု အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူ၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း။
(င) မူးယစ်ဆေးဝါး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသောဆေးကို သုံးစွဲခြင်း။
(စ) AIDS/ HIV။
(ဆ) စစ်ပွဲ၊ အကြမ်းဖက်ဖျက်စီးခြင်း၊ အဓိကရုဏ်း၊ ၎င်းတို့နှင့် အလားတူဖြစ်ရပ်များ။
(ဇ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါများ။

အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စရပ်တစ်ခုခုကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ပါက ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်ကို မပေးချေပါ ။

(က) ပေါ်လီစီရှင်၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း။
(ခ) အာမခံထားသူ၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း။
(ဂ) အာမခံထားသူက ရာဇဝတ်မှုကျူးလွန်ခြင်း၊ ဥပဒေချိုးဖောက်ခြင်း။
(ဃ) မိမိကိုယ်ကိုသတ်သေရန် ကြိုးစားခဲ့သော်လည်း မသေဆုံးခဲ့ခြင်း။
(င) မူးယစ်ဆေးဝါး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသောဆေးကို သုံးစွဲခြင်း။
(စ) AIDS/ HIV။
(ဆ) စစ်ပွဲ၊ အကြမ်းဖက်ဖျက်စီးခြင်း၊ အဓိကရုဏ်း၊ ၎င်းတို့နှင့် အလားတူဖြစ်ရပ်များ။
(ဇ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါများ။

အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စရပ်တစ်ခုခုကြောင့် သတ်မှတ်ထားသော ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပါက ထိခိုက်ဒဏ်ရာရရှိမှု အကျိုးခံစားခွင့်ကို မပေးချေပါ။

(က) ပေါ်လီစီရှင်၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း သို့မဟုတ် ကြီးမားသောပေါ့ဆမှုဖြစ်ခြင်း။

(ခ) အာမခံထားသူ၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း သို့မဟုတ် ကြီးမားသောပေါ့ဆမှုဖြစ်ခြင်း။

(ဂ) အာမခံထားသူက ရာဇဝတ်မှုကျူးလွန်ခြင်း၊ ဥပဒေချိုးဖောက်ခြင်း။

(ဃ) အာမခံထားသူ၏ စိတ်ရောဂါဝေဒနာကြောင့်ဖြစ်သည့် မတော်တဆမှု။

(င) လျှော်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း သို့မဟုတ် ဆူနာမီဖြစ်ခြင်း။

(စ) စစ်ပွဲ၊ အကြမ်းဖက်ဖျက်စီးခြင်း၊ အဓိကရုဏ်း၊ ၄င်းတို့နှင့် အလားတူဖြစ်ရပ်များ။

(ဆ) မူးယစ်ဆေးဝါး သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသောဆေးကို သုံးစွဲခြင်း။

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ်များသို့လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။